၂။ ဂျီနီဗာတွင် ကျင်းပသည့် UPR အစည်းအဝေးသို့ တက်ရောက်ခြင်း – နိုင်ငံများအနေဖြင့် ပြန်လည်ဆန်းစစ်ခြင်းကာလသို့ ရောက်လျှင် SUR တွင် တင်သွင်းမည့် အကြောင်းအရာများနှင့် ထောက်ခံအကြံပြုချက်များကို အများအားဖြင့် ကိုယ်တိုင် ဆုံးဖြတ်တတ်ကြသည်။ သို့သော် ဌာနေတိုင်းရင်းသားများအနေဖြင့် ECOSOC မှ ထောက်ခံပေးသည့်အဖွဲ့အစည်းများမှ တဆင့် လေ့လာသူအဖြစ် ယင်းပြန်လည်ဆန်းစစ်ခြင်းအစည်းအဝေးသို့ တက်ရောက်နိုင်ပါသည်။ ဌာနေတိုင်းရင်းသား အခြေပြုအဖွဲ့အစည်းများအနေဖြင့်လည်း ယင်းပြန်လည်ဆန်းစစ်ခြင်းအစည်းအဝေးပြီးသည့်နောက် တက်ရောက်လာသည့် အစိုးရကိုယ်စားလှယ်များ၏တင်ပြမှုနှင့်စပ်လျဥ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပနိုင်ပါသည်။ မိမိတိုင်းပြည်တွင်လည်း မီဒီယာများအားဖြင့် ပြန်လည်ဆန်းစစ်ခြင်းအစည်းအဝေးနှင့် မရှေးမနှောင်းတွင် တွေ့ဆုံပွဲကျင်းပကာ ကုလသမဂ္ဂသို့တင်သွင်းသည့် ဌာနေတိုင်းရင်းသားများကို ထိခိုက်စေသော အကြောင်းအရာများအား လူအများသိရှိစေရန် အသိပေးနိုင်ပါသည်။

၃။ မျက်နှာသာရနိုင်သည့် ထောက်ခံအကြံပြုချက်များဖြင့် အစိုးရကို ဆော်ဩစည်းရုံးခြင်း – ဂျီနီဗာတွင် UPR ကျင်းပပြီးနောက် နောက်ဆုံးရလဒ်အစီရင်ခံစာ မထွက်ပေါ်ခင် အချိန် သုံးလခန့်ရှိသည်။ အချို့သော ထောက်ခံအကြံပြုချက်များကို SUR မှ ချက်ချင်းလက်ခံပေးခြင်း၊ အချို့ကို မှတ်တမ်းတင်(ငြင်းပယ်ခြင်း)နှင့် အချို့ကို စဉ်းစားပေးခြင်းများ ပြုလုပ်လေ့ရှိသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများအနေဖြင့် SUR မှ နောက်ဆုံးရလဒ်မထွက်ခင်အထိ အစိုးရမှ မျက်နှာသာရနိုင်သည့် အကြံပြုထောက်ခံချက်များဖြင့် ဆော်ဩစည်းရုံးနိုင်သည်။

၄။ လက်ခံပေးသည့် အကြံပြုထောက်ခံချက်များအား အကောင်အထည်ဖော်မှုများကို အကြံပေးခြင်း/စောင့်ကြည့်ကြီးကြပ်ပေးခြင်း – ဌာနေတိုင်းရင်းသားများအနေဖြင့် အကြံပြုထောက်ခံထားသည့်အချက်များအား အကောင်အထည်ဖော်မှုနှင့် စပ်လျဥ်း၍ ပူးပေါင်းလုပ်ဆောင်ခြင်း(သို့)ဆော်ဩခြင်းများ လုပ်ဆောင်နိုင်သည်။ ဥပမာအားဖြင့် အကောင်အထည်ဖော်မှု ကော်မတီများတွင် ဌာနေတိုင်းရင်းသားကိုယ်စားပြုနှင့် ပူးပေါင်းပါဝင်မှုများကို လက်ခံပေးရန် ဆော်ဩခြင်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် လက်ခံထားသည့် အကြံပြုထောက်ခံချက်များကို အကောင်အထည်ဖော်ရာတွင် UNDRIP နှင့် အကျုံးဝင်သည့် မြေယာပြုပြင်ပြောင်းလဲမှု၊ ဘာသာစကားအခွင့်အရေး(သို့) အခြား အကြောင်းအရာများကို ဖြေရှင်းကြောင်း ခိုင်မာစေသည့်နည်းလမ်းများကို အကြံပြုပေးခြင်းမျိုးဖြစ်သည်။ ဌာနေတိုင်းရင်း သားအနေဖြင့် စဉ်ဆက်မပြတ် စောင့်ကြည့်ကြီးကြပ်သည့်လုပ်ငန်းများဖြင့်လည်း လုပ်ဆောင်နိုင်သည်။ SUR တွင် အစိုးရမှ လက်ခံသည့် ထောက်ခံအကြံပြုမှုများ အကောင်အထည်ဖော်မှုဆိုင်ရာ UPR နှစ်လယ်အစီရင်ခံစာတင်သွင်းနိုင်ရေးအတွက် အစိုးရ၏ အကောင်အထည်ဖော်မှုများကို စောင့်ကြည့်ပြင်ဆင်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

IWGIA

NICFI Norway's International Climate and Forest Initiative

POINT Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့



# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review)ဆိုသည်မှာ

ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီကို ပြန်လည်ဖွဲ့စည်းပြီးသည့်နောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(UPR)ကို ၂၀၀၈ တွင် စတင်ခဲ့သည်။ ကုလသမဂ္ဂ၏ ဦးဦးဖျားဖျား လူ့အခွင့်အရေးဆိုင်ရာ ယန္တရားတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံများက ဦးဆောင်သည့်ဖြစ်စဉ်ဖြစ်ပြီး အခြားသောနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကို သုံးသပ်ရသည့်ဖြစ်စဉ်မျိုးဖြစ်သည်။ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(UNDRIP)ထဲတွင်ပါဝင်သည့် ဌာနေတိုင်းရင်းသားအခွင့်အရေးအပါအဝင် လူ့အခွင့်အရေးအားလုံးကို လွှမ်းခြုံသက်ရောက်သည့်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် ၄၇ ဦးဖြင့် UPR အလုပ်အဖွဲ့ကို ဖွဲ့စည်းပြီး ၄.၅ နှစ်လျှင်တစ်ကြိမ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ဆန်းစစ်သုံးသပ်ကြသည်။ မည်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ(သို့) လေ့လာနေသည့်နိုင်ငံများအနေဖြင့် ဂျီနီဗာတွင်ကျင်းပမြဲဖြစ်သည့် လူ့အခွင့်အရေးကောင်စီတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး နိုင်ငံများကို သုံးသပ်ဆန်းစစ်သည့်ဖြစ်စဉ်တွင် မေးခွန်းများမေးမြန်းခြင်းနှင့် အကြံပြုထောက်ခံချက်များတင်သွင်းခြင်းများကို လုပ်ဆောင်နိုင်ပါသည်။

## အခြေခံအားဖြင့် ဆန်းစစ်သုံးသပ်မှုအစီရင်ခံစာပုံစံ(၃)မျိုးရှိသည်။ ၎င်းတို့မှာ –

၁။ စာမျက်နှာ(၂၀)မျက်နှာ ပါဝင်သည့် နိုင်ငံတစ်ခုချင်းစီ၏ မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို သုံးသပ်ထားသည့် နိုင်ငံအလိုက် အစီရင်ခံစာ

၂။ စာမျက်နှာ(၁၀)မျက်နှာပါဝင်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR)မှ ပြင်ဆင်သည့် အစီရင်ခံစာ – ယင်းအစီရင်ခံစာတွင် နိုင်ငံအလိုက် ကုလသမဂ္ဂပဋိညာဉ်အစုအဖွဲ့များ၏ အစီရင်ခံစာများ(ဥပမာ– ကလေးအခွင့်အရေးဆိုင်ရာ ကော်မတီထံမှ)၊ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ကဲ့သို့သော အထူးလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံများပါဝင်သည့် ကုလသမဂ္ဂနိုင်ငံများအစုအဖွဲ့များမှ သတင်းအချက်အလက်များနှင့် အခြားသော ကုလသမဂ္ဂဆိုင်ရာ သင့်လျော်သည့်အထောက်အထားများမှ သတင်းအချက်အလက်များကို စုစည်းပြီး ရေးသားတင်ပြရသည်။ နိုင်ငံအလိုက် ဆန်းစစ်သုံးသပ်ချက်ပုံစံနှင့် တူညီပါသည်။ “လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ” ခေါင်းစဉ်အောက်တွင်ပါဝင်သည့် “အထူးပြု လူပုဂ္ဂိုလ်များ(သို့)အုပ်စုများ” ကဏ္ဍ အပါအဝင် ကဏ္ဍအလိုက် ရေးသားတင်ပြရသည်။

၃။ စာမျက်နှာ(၁၀)မျက်နှာပါဝင်သည့် OHCHR ၏ ပါဝင်ပတ်သက်သူများ၏ အနှစ်ချုပ် အစီရင်ခံစာဖြစ်သည် ။ ယင်းအနှစ်ချုပ်အစီရင်ခံစာထဲတွင် ပါရီသဘောတူညီချက်ကို အပြည့်အဝ လေးစားလိုက်နာသည့် လူ့အခွင့်အရေးဆိုင်ရာ အစုအဖွဲ့များမှ ပေးပို့သည့် သတင်းအချက်အလက်များပါဝင်သည်။ ထိုနည်းတူ နိုင်ငံအလိုက် သုံးသပ်ဆန်းစစ်ချက်များအပေါ် အရပ်ဖက်အဖွဲ့အစည်းများ၊ အင်န်ဂျီအိုများနှင့် အပြည်ပြည်ဆိုင်ရာ အင်န်ဂျီအိုများမှ လူ့အခွင့်အရေးဆိုင်ရာ တစ်ဖွဲ့ချင်းနှင့် ပူးတွဲတင်ပြချက်များမှ အချက်အလက်များလည်း ပါဝင်သည်။ ယခုအစီရင်ခံစာ၏ ပုံစံမှာ “လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ” ကဏ္ဍအပါအဝင် ကုလသမဂ္ဂအစီရင်ခံစာတွင်ပါဝင်သည့် ကဏ္ဍများအတိုင်း ဖြစ်သည်။

အစိုးရကိုယ်စားလှယ်များသည် ဂျီနီဗာတွင် သုံးနာရီကြာကျင်းပသည့် ပြန်လည်ဆန်းစစ်ခြင်းဖြစ်စဉ်၌ မေးခွန်းများကိုဖြေကြားခြင်းအပြင် ထောက်ခံအဆိုပြုခြင်း(သို့) အခြားသော နိုင်ငံများမှ တင်သွင်းသည့် ထောက်ခံအကြံပြုချက်များကို မှတ်သားခြင်းတို့ကို လုပ်ဆောင်ကြသည်။ ထောက်ခံအကြံပြုချက်များကို အဆိုပြုထောက်ခံခြင်းဟုဆိုရာတွင် နိုင်ငံများ၏ပြန်လည်ဆန်းစစ်ခြင်းအစီအစဉ်(State under Review)မှ အဆိုပါ ထောက်ခံအကြံပြုမှုများကို လက်ခံကြောင်းနှင့် အကောင်အထည်ဖော်ပေးရန် တာဝန်ရှိကြောင်း၊ နောက်ပိုင်း UPR စက်ဝန်းများတွင် အကောင်အထည်ဖော်မှုများကို ပြန်လည်တင်ပြပေးမည်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ထောက်ခံအကြံပြုချက်များကို “မှတ်သားထားခြင်း”ဆိုသည်မှာ ငြင်းပယ်ကြောင်း ဖော်ပြသည့် သံခင်းတမန်ခင်းဝေါဟာရဖြစ်ပါသည်။

UPR ၏စက်ဝန်းတွင် အပိုင်းလေးပိုင်းပါရှိသည်။ ၎င်းတို့မှာ
အပိုင်း(၁) – မှတ်တမ်းတင်ခြင်း(အထက်တွင်ဖော်ပြခဲ့သော အစီရင်ခံစာ သုံးမျိုးအတွက် သတင်းအချက်အလက်များ)
အပိုင်း(၂) – ဂျီနီဗာတွင် UPR ကျင်းပခြင်းနှင့် ထွက်ပေါ်လာသည့် ရလဒ်များကို လက်ခံစဉ်းစားနိုင်ရန် ဆွေးနွေးအတည်ပြုခြင်း
အပိုင်း(၃) – လက်ခံစဉ်းစားသည့် ထောက်ခံအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်စောင့်ကြည့်ခြင်း
အပိုင်း(၄) – နောက်တစ်ကြိမ်ကျင်းပသည့် UPR တွင် ဖြစ်ပေါ်တိုးတက်မှုများကို အစီရင်ခံခြင်း

## ဌာနေတိုင်းရင်းသားများအနေဖြင့် မည်သို့ ပေါင်းစပ်ညှိနှိုင်းနိုင်မည်နည်း။

- (၁) အဖွဲ့များပူးပေါင်း၍ တွေ့ဆုံဆွေးနွေးနိုင်သည့် အစည်းအဝေးများ ကျင်းပခြင်း – UPR ဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးနိုင်သည့် အစည်းအဝေးကို ကျင်းပပြီး စိတ်ဝင်စားမှုရှိသည့် အခြေခံလူတန်းစားများနှင့် အခြားသော ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများကို ဖိတ်ခေါ်ပါဝင်စေပါ။ UPR ဖြစ်စဉ်အကြောင်း ရှင်းပြပြီး တင်ပြဆွေးနွေးလိုသည့် ပြဿနာများကို ဆွေးနွေးဖော်ထုတ်ပါ။ အကောင်းဆုံးဖြေရှင်းနိုင်သည့်နည်းလမ်းကိုလည်း ရှာဖွေဖော်ထုတ်ပါ။ (ဥပမာ – တက်ရောက်လာသူများထဲမှ ကိုယ်စားလှယ်ရွေးချယ်ကာ ဆက်လက်အကောင်အထည်ဖော်ခြင်း(သို့) ထိရောက်သည့် နည်းလမ်းဖြင့် လုပ်ဆောင်ခြင်း)
- (၂) စာဖြင့် ရေးသားသည့် အစီရင်ခံစာတင်သွင်းခြင်း – UPR ၏ အပိုင်း(၁)ကာလအတွင်း ညွန့်ပေါင်းအဖွဲ့(သို့)အဖွဲ့အစည်းများအနေဖြင့် တစ်ဖွဲ့ချင်းဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဌာနေတိုင်းရင်းသားတို့ကို သက်ရောက်စေသည့် ပြဿနာများရှိလျှင် နိုင်ငံများ၏အခြေအနေများဆန်းစစ်ခြင်းအစည်းအဝေးတွင် OHCHR (သို့) UPR သို့ လိပ်မူပြီး တင်သွင်းပါ။ OHCHR မှ ဆန်းစစ်ပြီး အနှစ်ချုပ်ကာ ပါဝင်ပတ်သက်သူများ၏ အနှစ်ချုပ် အစီရင်ခံစာ(စာမျက်နှာ ၁၀ မျက်နှာ)တွင် ထည့်သွင်းရေးသားပေးမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် တစ်ဖွဲ့ချင်းတင်သွင်းမှုထက် ပူးပေါင်းတင်သွင်းသည့်အစီရင်ခံခြင်းကို အပြည့်အဝ အားပေးပါသည်။



## ရေးသားတင်သွင်းမှုတွင် မည်သည့်အချက်များ ပါဝင်သင့်သနည်း

- နောက်ဆုံးဆန်းစစ်ထားသည့် နိုင်ငံတော်အဆင့် လူ့အခွင့်အရေးအခြေအနေများနှင့် သက်ဆိုင်သည့် မှန်ကန်တိကျပြီး မှီငြမ်းနိုင်သည့် သတင်းအချက်အလက်များပါဝင်ရမည်။ မူရင်းသတင်းအချက်အလက်ဖြစ်ရန်လိုအပ်ပြီး နိုင်ငံတော်အဆင့် ဆန်းစစ်မှုအစည်းအဝေး(State Under Review)သို့ ခွဲခြမ်းစိပ်ဖြာသုံးသပ်မှုနှင့် အကြံပြုထောက်ခံချက်များ တင်သွင်းရမည်။ SUR တွင် ဌာနေတိုင်းရင်းသားများ၏ အခြေအနေကို ခြုံငုံတင်ပြပေးမည်ဆိုပါက ပါဝင်ပတ်သက်သူများ၏ အနှစ်ချုပ်အစီရင်ခံစာတွင်ပါဝင်သည့် “လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ”ကဏ္ဍတွင် ထည့်သွင်းပေးခြင်းခံရနိုင်ချေရှိသဖြင့် အကြံဥာဏ်ကောင်းဖြစ်နိုင်ပါသည်။ အခြားသတင်းအချက်အလက်များကိုလည်း အကြောင်းအရာအလိုက် ဖော်ပြနိုင်ပါသည်။ ဥပမာအားဖြင့် မြေယာ၊ နယ်နိမိတ်ပိုင်နက်နှင့် အရင်းအမြစ်များ ရရှိပိုင်ခွင့်၊ ပူးပေါင်းပါဝင်ပိုင်ခွင့် စသည့် UNDRIP နှင့် အကျုံးဝင်သည့်အချက်များအပြင် SUR ကဏ္ဍတွင် ဌာနေတိုင်းရင်းသားများ အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ထည့်သွင်းရေးသားသင့်သည်။
- စကားလုံးအကန့်အသတ် – စာလုံးရေ ၅၆၃၀ (ပူးပေါင်းတင်သွင်းသည့် စာများအတွက်)၊ တစ်ဖွဲ့ချင်းတင်သွင်းမှုအတွက် စာလုံးရေ ၂၈၁၅ လုံး။ ကုလသမဂ္ဂအနေဖြင့် ပူးပေါင်းတင်သွင်းမှုကို ပိုမိုအားပေးသည်။ ရေးသားရမည့်လမ်းညွှန်ချက်များ အချိန်နှင့်အမျှ အပြောင်းအလဲရှိပြီး နောက်ဆုံးသတင်းအချက်အလက်ကို https://www.ohchr.org/en/hrbodies/upr/pages/uprmain.aspx တွင် ရရှိနိုင်ပါသည်။
- ထောက်ခံအကြံပြုချက်များကို အကောင်အထည်ဖော်မှုအား ဝေဖန်သုံးသပ်ချက်များ(SUR တွင် လက်ခံသည့်အချက်/အဆိုပြုသည့်ချက်များ)

၁။ အသိပေးလှုံ့ဆော်မည့် မဟာဗျူဟာကို ပြင်ဆင်ခြင်း – နိုင်ငံတော်အဆင့်ကိုယ်စားလှယ်များကသာ UPR တွင် ပါဝင်တက်ရောက်နိုင်သည်။ ဌာနေတိုင်းရင်းသားအဖွဲ့အစည်း(သို့) မဟာမိတ်များသည် တင်သွင်းမည့်စာတွင် ရေးသားထားသည့် မိမိတို့၏ပြဿနာများကို ဆော်သြပေးရန်အတွက် သံခင်းတမန်ခင်းနည်းလမ်းများ စဉ်းစားရန်လိုသည်။ SUR သို့ မိမိတို့၏ ထောက်ခံအကြံပြုချက်များ ရောက်ရှိသွားရန် ဌာနေတိုင်းရင်းသားများအနေဖြင့် စည်းရုံးဆော်သြရန် လိုသည်။ သံရုံးများအနေဖြင့် ပြဿနာနှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ထောက်ခံချက်များပေးနိုင်သည့်အပြင် ဂျီနီဗာတွင် တက်ရောက်မည့်အမြဲတမ်းကိုယ်စားလှယ်ထံသို့ အကျဉ်းချုပ်ပြောပြပေးနိုင်သူများဖြစ်လေရာ စည်းရုံးဆော်သြခြင်းကို ပြည်တွင်းတွင် လုပ်ဆောင်ရန် အကောင်းဆုံးဖြစ်သည်။ အဓိကဖြေရှင်းရန် ပြဿနာများနှင့် အကြံပြုထောက်ခံချက်များပါဝင်သည့် တစ်မျက်နှာစာ အသိပေးလှုံ့ဆော်စာ(လက်ကမ်းစာစောင်)က စည်းရုံးဆော်သြခြင်းအတွက် မရှိမဖြစ် ကိရိယာတစ်ခုဖြစ်သည်။ ဆော်သြခြင်းကို ဂျီနီဗာတွင်လည်း ထိရောက်စွာ လုပ်ဆောင်နိုင်ပါသည်။ အထူးသဖြင့် SUR တွင် သံတမန်များအနေဖြင့် တက်ရောက်နိုင်ခြင်းမရှိသော်လည်း UPR ဖြစ်စဉ်တလျှောက်တွင် ဌာနေတိုင်းရင်းသားဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ အထူး မှတ်တမ်းတင်ထားသည့်ကဏ္ဍရှိသောကြောင့် ဖြစ်သည်။